# FAST FACTS

United Nations
Development Programme

UNDP
*Empowered lives. Resilient nations.*

## မြန်မာနိုင်ငံ ပြည်သူ့ရေးရာ စီမံအုပ်ချုပ်မှု (၂၀၁၃-၂၀၁၇)

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ သမိုင်းတွင်ကျန်ရစ်မည့်အဆင့်တွင် ရောက်ရှိနေပါသည်။ ၂၀၀၈ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြင့် စစ်အုပ်ချုပ်ရေးမှ အရပ်ဘက်အုပ်ချုပ်ရေးသို့ ကူးပြောင်းခဲ့ပြီး ၂၀၁၂ခုနှစ်တွင် ကြားဖြတ်ရွေးကောက်ပွဲများကို ကျင်းပကာ ဒီမိုကရေစီစနစ်သို့ ဦးတည်ခဲ့ပါသည်။ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု၊ ငြိမ်းချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ လျှောက်လှမ်းနိုင်ခဲ့သည်။ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ပြည်သူ့ကဏ္ဍသည် အလွန်အရေးပါလှသောကြောင့် နိုင်ငံတော်သမ္မတသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ 'တတိယလှိုင်း' ပြုပြင်ပြောင်လဲမှုများကို စတင်ကာ ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုကို ဦးတည်ဆောင်ရွက်နေပါသည်။

UNDPသည် ကမ္ဘာတလွှားတွင် ဆောင်ရွက်နေသည့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆိုင်ရာ ၎င်း၏အတွေ့အကြုံများကို အခြေခံကာ မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာ စီမံအုပ်ချုပ်မှုကဏ္ဍအား တာဝန်ခံမှု၊ တာဝန်ယူမှုရှိပြီး လူထု၏လိုအပ်ချက်နှင့် အညီ တုံ့ပြန်ဆောင်ရွက်ပေးနိုင်ရန်အတွက် စွမ်းရည်မြင့်မားစေရေးနှင့် ပြည်သူ့ရေးရာဝန်ဆောင်မှုများ တိုးတက်လာစေရေး ကူညီပံ့ပိုးပေးနေပါသည်။ UNDP၏ ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေးအစီအစဉ်တွင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုအတွက် အောက်ပါလုပ်ငန်းများကို အဓိကထားဆောင်ရွက်နေပါသည်။

ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေး။ ။ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှု အစီအစဉ်များနှင့် မူဝါဒများ ချမှတ်လုပ်ဆောင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ရှေ့သို့စဉ်ဆက်မပြတ် ဆက်လက်လုပ်ဆောင်နိုင်ရန် အကူအညီများ ပေးနေပါသည်။

ပြည်သူ့ဝန်ဆောင်မှု။ ။ ပညာရှင်ပီသသော၊ ပွင့်လင်းမြင်သာမှုရှိသော၊ လူထုကိုကိုယ်စားပြုသော ပြည်သူ့ဝန်ဆောင်မှု အဖွဲ့အစည်းများကို တည်ထောင်ရန်နှင့် လေ့ကျင့်သင်တန်းပေးရန် ကူညီဆောင်ရွက်ပေးနေပါသည်။



*ပုံ-၁။ ၂၀၁၄ခုနှစ်တွင် ဖွင့်လှစ်သော စီမံခန့်ခွဲမှုသင်တန်းတွင် ညွှန်ကြားရေးမှူးချုပ်များမှ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ စိန်ခေါ်မှုများအား ရှင်းလင်းတင်ပြစဉ်*

နိုင်ငံတော်မူဝါဒဦးစားပေးအစီအစဉ်များ

'စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံသားတိုင်း လူနေမှုအဆင့်အတန်းမြင့်မားစေရန်အတွက် ကောင်းမွန်သော အုပ်ချုပ်ရေးလုပ်ငန်းစဉ်နှင့် သန့်ရှင်းသောအစိုးရကို ဖော်ဆောင်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း' နိုင်ငံတော်သမ္မတ ဦးသိန်းစိန်မှ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သော ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ် မိန့်ခွန်းတွင် ထည့်သွင်း ပြောကြားခဲ့ပါသည်။

၂၀၁၂-၂၀၁၅ခုနှစ် လူမှုရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုမူဘောင်မှ ထွက်ပေါ်လာသော တတိယလှိုင်း ပြုပြင်ပြောင်းလဲရေး၏ အလုံးစုံလွှမ်းခြုံသော မျှော်မှန်းချက်ဖြစ်သည့် 'ထိရောက်၍အကျိုးရှိသောအစိုးရ' ဖြစ်ပေါ်လာစေရန်အတွက် လိုအပ်ချက်များမှာ

- အဓိကကျသော အဖွဲ့အစည်းစနစ်များအား ပြည်လည်ပြင်ဆင်ဖွဲ့စည်းရန်
- အုပ်ချုပ်ရေးလုပ်ငန်းတာဝန်များအား ပိုမိုလွယ်ကူချောမွေ့အောင် ဆောင်ရွက်ရန်
- အဂတိလိုက်စားမှုအား ထိန်းချုပ်ရန်
- ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် တိုင်ပင်ဆွေးနွေးအကြံဉာဏ်ရယူမှုများကို ဆောင်ရွက်ရန်
- ပွင့်လင်းမြင်သာမှုနှင့် သတင်းအချက်အလက်များ ရရှိနိုင်မှုတို့ တိုးတက်လာစေရန်

လတ်တလောတွင် ပြုပြင်ပြောင်းလဲရေး ဦးစားပေးအစီအစဉ်များကို ထင်ဟပ်ဖော်ပြထားသည့် မူဝါဒစာတမ်းတစ်စုံတစ်ရာ မရှိသေးသော်လည်း ပညာရှင်ပီသသော ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရေးနှင့် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းကဲ့သို့သော ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အဓိကကျသော ကိစ္စရပ်များကို ဆောင်ရွက်ရန်ကိုလည်း နိုင်ငံတော်သမ္မတနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ၎င်းတို့၏ လူထုအားပြောကြားသည့် မိန့်ခွန်းများနှင့် မူဝါဒဆိုင်ရာ ထုတ်ပြန်ပြောကြားချက်အချို့တွင် ထောက်ခံအကြံပြုထားကြပါသည်။

UNDP ၏ မိတ်ဖက်များ

- အစိုးရမိတ်ဖက်များ။ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များ၊ အာဆီယံရင်းမြစ်ဗဟိုဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဖွံ့ဖြိုးတိုးတက်မှုစီမံအုပ်ချုပ်ရေးဌာန
- အလှူရှင်များ။ ဩစတြေးလျ၊ ဒိန်းမတ်၊ ဖင်လန်၊ ဆွီဒင်၊ ယူနိုက်တက်ကင်းဒမ်း၊ UNDP အရေးပေါ်အခြေအနေကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့

ပြည်သူ့ရေးရာ စီမံအုပ်ချုပ်မှုနှင့်ဆိုင်သော အစီအစဉ်များနှင့် မူဝါဒများ အားကောင်းလာစေရန် စွမ်းဆောင်ရည်မြှင့်တင်ခြင်း။ ။ ပြည်သူ့ရေးရာ စီမံအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေးတွင် ထိရောက်သော တိုးတက်မှုများနှင့် ပူးပေါင်းညှိနှိုင်းမှုများ ဖြစ်ပေါ်စေရန်အတွက် UNDP သည် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းကာ ဆောင်ရွက်နေပါသည်။ UNDP သည် နိုင်ငံတော်အစိုးရအား ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အနာဂတ်မျှော်မှန်းချက်

သို့မဟုတ် မူဘောင်ကို ချမှတ်နိုင်ရန် ကူညီပံ့ပိုးပေးနေပြီး ထိုပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ချက်များကို စောင့်ကြည့်စစ်ဆေးနိုင်မည့် စနစ်များ ချမှတ်ကျင့်သုံးနိုင်ရန်အတွက်လည်း နိုင်ငံတော်သမ္မတရုံးအား ကူညီပေးနေပါသည်။

အစိုးရအဖွဲ့အစည်းများသည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အသီးသီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြရာ ထိုအဖွဲ့အစည်းများ တစ်ခုနှင့်တစ်ခုကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရန်လည်း UNDP မှ ပံ့ပိုးကူညီနေပါသည်။ ထိုသို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရန် ကူညီပေးခြင်းဖြင့် အစိုးရအဖွဲ့အစည်းများအချင်းချင်း သင်ခန်းစာများနှင့် အတွေ့အကြုံကောင်းများကို မျှဝေပေးနိုင်ခြင်း၊ အစိုးရအဖွဲ့အစည်း တစ်ခုနှင့်တစ်ခုကြား လုပ်ဆောင်ချက်များကိုက်ညီမှုမရှိခြင်း သို့မဟုတ် တူညီသော လုပ်ဆောင်ချက်များကို လုပ်ဆောင်မိနေခြင်းတို့ကို ရှောင်ရှားနိုင်ခြင်းနှင့် ဝန်ကြီးဌာနများအားလုံးသည် နိုင်ငံတော်သမ္မတ၏ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုများကို ထိရောက်စွာပါဝင်ကူညီဆောင်ရွက်နိုင်ခြင်းဟူသော အကျိုးကျေးဇူးများကို ရရှိစေပါသည်။

မြန်မာနိုင်ငံရှိ ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေးများသည် အချိန်ယူရဦးမည်ဖြစ်သော်လည်း သိသိသာသာပြောင်းလဲလာသော အထောက်အထားရလဒ်များကို ထုတ်ဖော်ပြသနိုင်ရန်လည်း လိုအပ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတော်အစိုးရသည် 'သိသာထင်ရှားသော အကျိုးရလဒ်များကို အချိန်တိုတွင်းထွက်ပေါ်လာစေနိုင်မည့်' ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်နေပါသည်။ ထိုပြုပြင်ပြောင်းလဲမှုများသည် လတ်တလောတွင် အစိုးရ၏ မြန်ဆန်ထိရောက်မှုနှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးကိုရှေးရှုဆောင်ရွက်မှုတို့အပေါ် ရှင်းရှင်းလင်းလင်း တိုင်းတာသိရှိနိုင်မည့် အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေနိုင်သလိုရေရှည်တွင်လည်း ပိုမိုပြည့်စုံကောင်းမွန်သော ပြောင်းလဲမှုများကို ဖော်ဆောင်နိုင်မည့် လုပ်ငန်းများ ဖြစ်ပါသည်။

ထို့အတွက်ကြောင့် UNDPသည် ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို ပိုမိုနားလည်သိရှိကာ ထက်သန်တက်ကြွစွာ အားပေးမှုများ ဖြစ်ပေါ်လာစေမည့်၊ ပြုပြင်ပြောင်းလဲမှု၏ အကျိုးကျေးဇူးများကို မြန်မာပြည်သူတစ်ရပ်လုံးအား ချပြနိုင်မည့် ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ချက်များကို လည်း ကူညီပံ့ပိုးပေးနေပါသည်။

ဆောင်ရွက်နေသည့် လုပ်ငန်းများ

- ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအား စီမံကိန်းရေးဆွဲခြင်း၊ ရှေ့နောက်အစီအစဉ်သတ်မှတ်ခြင်းနှင့် ဦးစားပေး အစီအစဉ်ချမှတ်ခြင်းတို့အတွက် နည်းပညာအကူအညီများပေးခြင်း
- ပြုပြင်ပြောင်းလဲရေးအား မတူညီသော ရှုထောင့်အမျိုးမျိုးမှ နားလည်သိရှိနိုင်စွမ်း မြင့်မားလာစေရန်အတွက် ဆွေးနွေးပြောဆိုမှုများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ပေါ်လာစေရန် အားပေးကူညီခြင်းနှင့် သင်တန်းများ ကျင်းပပေးခြင်း
- ဝန်ကြီးဌာနများ၏ လုပ်ငန်းတာဝန်များကို ပြန်လည်သုံးသပ်လေ့လာခြင်းကဲ့သို့သော ရှေ့ပြေးစီမံချက်များကို ဆောင်ရွက်ခြင်း

ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုကဏ္ဍ၏ သတင်းအချက်အလက်များ

- နိုင်ငံတော်သမ္မတသည် ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေးအတွက် ဝန်ကြီးတစ်ဦးကို ခန့်အပ်ကာ အထူးတာဝန်ပေးအပ်ထားပြီး ကျန်တစ်ဦးကိုမူ ရုံးပိုင်းဆိုင်ရာ လုပ်ငန်းကိစ္စများတွင် မလိုအပ်ဘဲ ကြန့်ကြာနေမှုများကို လျှော့ချရေးအား အဓိကထားဆောင်ရွက်ရန် ခန့်အပ်တာဝန်ပေးထားပါသည်။
- မြန်မာနိုင်ငံတွင် ဝန်ကြီးဌာန၃၂ ခုရှိပြီး ဝန်ကြီးဌာနတစ်ခုချင်းစီတွင် ဦးစီးဌာန ၂ခု မှ ၁၀ခုထိရှိပြီး ဌာနအများအပြားသည် မြို့နယ်အဆင့်ထိ ရုံးခွဲများနှင့် ဝန်ထမ်းများ ရှိပါသည်။
- အဆင့်မြင့်ရာထူးနေရာများမှ ပြည်သူ့ဝန်ထမ်း အများအပြားသည် တပ်မတော်အရာရှိဟောင်းများဖြစ်ကြပြီး အထူးသဖြင့် လုံခြုံရေးနှင့် တရားရေးဆိုင်ရာ အဖွဲ့အစည်းများတွင် ဖြစ်ပါသည်။
- ပြည်သူ့ဝန်ထမ်းဖွဲ့စည်းပုံနှင့်ပတ်သက်သော သတင်းအချက်အလက်များအား ဗဟိုတွင်ထားရှိခြင်းမဟုတ်ဘဲ ဝန်ကြီးဌာနအသီးသီးတွင် ထားရှိထိန်းသိမ်းထားခြင်းဖြစ်ပြီး အချို့သတင်းအချက်အလက်များအား ဗဟိုစာရင်းအင်းဌာနမှ စုစည်းပေးထားခြင်း ဖြစ်ပါသည်။
- ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ၂၀၁၄ခုနှစ်တွင် အစိုးရဝန်ထမ်းပေါင်း ၂၂,၇၃၀အား လေ့ကျင့်သင်တန်းပေးခဲ့ရာ အများစုမှာ ကျောင်းဆရာ၊ ဆရာမများဖြစ်ကြပြီး တရားစီရင်ရေးဝန်ထမ်းများ၊ လွှတ်တော်ဝန်ထမ်းများ နှင့် ကျန်းမာရေးဝန်ထမ်းများလည်း ပါဝင်ပါသည်။ ‘ပြည်သူ့ရေးရာကိစ္စရပ်များ’ဆိုင်ရာ အာဆီယံ ပူးပေါင်းဆောင်ရွက်မှုတွင် မြန်မာနိုင်ငံသည် ပြည်သူ့ဝန်ထမ်းများအား လေ့ကျင့်သင်တန်းပေးရာ၌ ရှေ့မှဦးဆောင်နေသော နိုင်ငံ ဖြစ်ပါသည်။
- ၂၀၀၉ခုနှစ်တွင် အစိုးရအဆင့်မြင့်ရာထူးနေရာများကို ရယူထားသော အမျိုးသမီးဝန်ထမ်းများသည် ဝန်ကြီးဌာနအသီးသီးတွင် ရာခိုင်နှုန်းအားဖြင့် အမျိုးမျိုးကွဲပြားစွာ ပါဝင်နေကြပြီး ပျှမ်းမျှအားဖြင့် ၃၂% ရှိပါသည်။



အဆင့်မြင့်အရာရှိကြီးများ စီမံခန့်ခွဲမှု သင်တန်းတွင် သင်တန်းသားတစ်ဦး (ညွှန်ကြားရေးမှူး) မှ ပြည်သူ့အခြေပြု စီမံအုပ်ချုပ်မှု အကြောင်းကို အခြား သင်တန်းသားများအား မျှဝေရှင်းပြနေစဉ်။

ပညာရှင်ပီသ၍ ပွင့်လင်းမြင်သာမှုရှိပြီး ပြည်သူအားကိုယ်စားပြုသော ဝန်ဆောင်မှု။

UNDPသည် ပြည်သူ့ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်လာစေရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ပူးပေါင်းလက်တွဲဆောင်ရွက်နေပါသည်။

UNDPသည် ပိုမိုထိရောက်သော ပြည်သူ့ဝန်ဆောင်မှုမူဝါဒများ ချမှတ်အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်သူ့ဝန်ထမ်းများ၏ ကိုယ်ကျင့်သိက္ခာ၊ ရိုးသားဖြောင့်မှန်မှုနှင့် အရည်အချင်းအလိုက်ခန့်အပ်တာဝန်ပေးမှုဆိုင်ရာ ကိစ္စရပ်များအတွက် နည်းပညာအကူအညီများ ပံ့ပိုးပေးနေပါသည်။

UNDPသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ လုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးမှုများကိုလည်း ပြုလုပ်ပေးလျက်ရှိရာ သာဓကအချို့မှာ အီလက်ထရောနစ်အစိုးရ(e-government) မဟာဗျူဟာများချမှတ်ခြင်း၊ အင်တာနက်ဝက်ဆိုက်ဘ် ထူထောင်ခြင်းနှင့် ကွန်ပြူတာသင်တန်းများ ပေးခြင်းတို့ဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့် UNDPသည် ခေါင်းဆောင်မှုစွမ်းရည်သင်တန်းများအပါအဝင် ပြည်သူ့ဝန်ထမ်းများအား ပို့ချပေးနေသော သင်တန်းများ၏အရည်အသွေး တိုးတက်မြင့်မားလာစေရေးအတွက် သင်ကြားပို့ချမည့် အကြောင်းအရာများနှင့် သင်ရိုးညွှန်းတမ်းများကို ပိုမိုကောင်းမွန်လာအောင် ပြင်ဆင်ခြင်း၊ သင်ကြားမှုနှင့်သင်ယူမှုပုံစံများ တိုးတက်လာစေခြင်းနှင့် ကောင်းမွန်သော သင်ကြားပို့ချမှု ပတ်ဝန်းကျင် ဖြစ်လာစေခြင်းတို့အတွက် ကူညီပံ့ပိုးပေးနေပါသည်။

ဆောင်ရွက်နေသည့် လုပ်ငန်းများ

- မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် ကျင့်ဝတ်စည်းကမ်းများ ရေးဆွဲချမှတ်နိုင်ရန် နည်းပညာအကူအညီများ ပေးခြင်း
- ပြည်သူ့ဝန်ထမ်းများ၏ ခံယူချက်သဘောထား စစ်တမ်းကောက်ယူခြင်း
- သင်တန်းလိုအပ်ချက် ဆန်းစစ်ခြင်း၊ သင်ရိုးညွှန်းတမ်းများနှင့် ဆရာဖြစ်သင်တန်းများအား ပြည်လည်သုံးသပ်ခြင်းနှင့် ပြန်လည်ရေးဆွဲခြင်း
- ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေး၊ စီမံခန့်ခွဲမှုနှင့် ပြည်သူ့ဝန်ထမ်းကျင့်ဝတ်စည်းကမ်းဆိုင်ရာသင်တန်းများပေးခြင်း
- အစိုးရအရာရှိများအတွက် ခေါင်းဆောင်မှုသင်တန်းအစီအစဉ်များ
- ဒေသတွင်း ပြည်သူ့ဝန်ဆောင်မှုရေးရာ ကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်မှုများကို အားပေးမြှင့်တင်ရန်အတွက် ဒေသတွင်းရှိ နိုင်ငံများကြား ဝန်ထမ်းများ လဲလှယ်လေ့လာစေခြင်းနှင့် လေ့လာရေးခရီးစဉ်များ စေလွှတ်ပေးခြင်း



*အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ စီမံအုပ်ချုပ်မှုဌာနမှ ကျင်းပသော သင်တန်းတစ်ခု။ UNDP သည် အဖွဲ့အစည်းများအား သင်တန်းပို့ချမှုပုံစံနှင့် လေ့လာသင်ယူမှုပတ်ဝန်းကျင်အား တိုးတက်စေရေးနှင့် အရွယ်ရောက်သူများ၏ သင်ယူလေ့လာမှုအား အထောက်အကူပြုရေး ပံပိုးကူညီပေးပါသည်။*

ထပ်မံသိလိုသည်များရှိပါက

www.mm.undp.org ဝက်ဘ်ဆိုက်တွင် ဝင်ရောက်လေ့လာနိုင်ပါသည် သို့မဟုတ်

David Huysman,
Programme Specialist, Public Administration
David.Huysman @undp.org အား ဆက်သွယ်နိုင်ပါသည်။